ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၂ ၊ အမှတ် ၇ ၂၀၁၇ ခုနှစ် ၊ ဧပြီလ ၁ ရက်

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ၊ ပြည်ထောင်စုဝန်ကြီးနှင့် မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးမှ လာရောက်ကြည့်ရှုစစ်ဆေးခြင်း



စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း ၊ မန္တလေးတိုင်းဒေသကြီး ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူနှင့် အဖွဲ့သည် ၂၁-၃-၂၀၁၇ ရက်နေ့ နံနက် (၀၇:၀၀) နာရီအချိန်တွင် မန္တလေး (၁၆) မိုင် ကျောက်ချောစစ်ဆေးရေးစခန်းသို့လာရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ မန္တလေးတိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနမှူးရုံး၊ ညွှန်ကြားရေးမှူး ဦးသိန်းဆွေ မှ စစ်ဆေးရေးစခန်း လုပ်ငန်းဆောင်ရွက်မှုများ၊ တားဆီး/ဖမ်းဆီးမှုများနှင့် စစ်ဆေးစင် ဝင်လမ်း/ထွက်လမ်းများတွင် ကျောက်လမ်းများနှင့် ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်းများအား ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးမှ လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ပါသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်ဆေးရေးစခန်းအတွင်း အတက်ကုန်စစ်စင် နှင့် အဆင်းကုန်စစ်စင်တို့တွင် ကုန်ပစ္စည်းများစစ်ဆေးမှုအခြေအနေ ၊ အတက်/အဆင်း ဝင်လမ်းထွက်လမ်းတွင် ကျောက်လမ်းနှင့် ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ၊ ဒုတိယဝန်ကြီးထံ ကမ္ဘာ့ကောက်ခွန်အဖွဲ့ အထွေထွေအတွင်းရေးမှူးချုပ် Mr. Kunio Mikuriya နှင့်အဖွဲ့ လာရောက်တွေ့ဆုံခြင်း



ကမ္ဘာ့အကောက်ခွန်အဖွဲ့ ၊ အထွေထွေအတွင်းရေးမှူးချုပ်ဖြစ်သူ Mr. Kunio Mikuriya နှင့် ROCB မှ Mr Kazunari Igarashi တို့သည် ၂၁-၃-၂၀၁၇ ရက်နေ့ ၊ နံနက် (၁၁:၀၀) နာရီအချိန်တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၂၆)၊ နေပြည်တော် ၊ အစည်းအဝေးခန်းမတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့်လည်းကောင်း ၊ ၂၂-၃-၂၀၁၇ ရက်နေ့ နံနက်(၀၉:၃၀)အချိန်တွင် အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) အစည်းအဝေးခန်းမ၌ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သော တာဝန်ရှိပုဂ္ဂိုလ်များနှင့် လည်းကောင်း တွေ့ဆုံကာ မြန်မာ့အကောက်ခွန်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ ၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နေမှု ကိစ္စရပ်များနှင့်ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် ကမ္ဘာ့အကောက်ခွန်အဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်နေမှု ဆိုင်ရာကိစ္စရပ်များကိုဆွေးနွေးခဲ့ပါသည်။

ထို့နောက် အထွေထွေအတွင်းရေးမှူးချုပ်နှင့်အဖွဲ့သည် MACCS ဌာနခွဲ ၊ အကောက်ခွန် သမိုင်းပြတိုက် နှင့် MACCS စနစ် အသုံးပြု၍ သွင်းကုန် / ထုတ်ကုန် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုခဲ့ပါသည်။

# ထိုင်း - မြန်မာ အကောက်ခွန်ချစ်ကြည်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခြင်း



ထိုင်းနိုင်ငံ The Siam Cement Group (SCG) မှ ကြီးမှူးကျင်းပသည့် ထိုင်း-မြန်မာ အကောက်ခွန်ချစ်ကြည်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဆွေးနွေးပွဲကို ၂၀၁၇ ခုနှစ် ၊ မတ်လ (၁) ရက်နေ့မှ (၅) ရက်နေ့အထိ ထိုင်းနိုင်ငံ ၊ ဘန်ကောက်မြို့ ၊ SCG ရုံးချုပ်၌ ကျင်းပပြုလုပ်ခဲ့ပြီး အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင် ဦးဆောင်သော အဖွဲ့ဝင် (၆) ဦးတက်ရောက်ခဲ့ပါသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ၏ ရည်ရွယ်ချက်မှာ မြန်မာအကောက်ခွန်၏ အလိုအလျောက် ကုန်ပစ္စည်းရှင်းလင်းရေးနှင့် ထိန်းချုပ်ရေးစနစ် ၊ လက်ရှိကျင့်သုံးလျှက်ရှိသည့် တန်ဖိုး သတ်မှတ်ရေးစနစ်များအား ဆွေးနွေးရန်နှင့် ထိုင်း-မြန်မာ အကောက်ခွန်ချစ်ကြည်ရေး ပူးပေါင်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေရန်ရည်ရွယ်၍ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။

# 18th World Customs Organization Asia-Pacific Regional Heads of Customs Administrations (RHCA) Conference အစည်းအဝေးသို့ တက်ရောက်ခြင်း




18th World Customs Organization Asia-Pacific Regional Heads of Customs Administrations (RHCA) Conference အစည်းအဝေးကို ၂၀၁၇ ခုနှစ် ၊ မတ်လ (၁၄) ရက်နေ့မှ (၁၆) ရက်နေ့အထိ ဖီဂျီနိုင်ငံ ၊ ဆူဗာမြို့တွင် ကျင်းပပြုလုပ်ခဲ့ပြီး အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သော အဖွဲ့ဝင် (၂) ဦး တက်ရောက်ခဲ့ပါသည်။

အဆိုပါအစည်းအဝေးကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာအာရှ-ပစိဖိတ်ဒေသအတွင်းအကောက်ခွန်ကိစ္စရပ်များအား ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အကောက်ခွန်အဖွဲ့အစည်းများအကြား သတင်းအချက်အလက်များ ဖလှယ်နိုင်ရေးနှင့် အကောက်ခွန်စွမ်းဆောင်ရည် ပျိုးထောင်ရေးတို့ကို ဆွေးနွေးရန်ရည်ရွယ်၍ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၇ ခုနှစ် ၊ မတ်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၃၅၈၅.၇၁၈ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ လေဆိပ်ကုန်လှောင်ရုံ ၊ ဆိပ်ကမ်း ၊ အထူးကင်းနှင့် အကောက်ခွန်နယ်မြေဒေသအသီးသီးတို့တွင် တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေတားဆီးအရေးယူမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ်လ (၁) ရက်နေ့မှ (၃၁) ရက်နေ့အထိ စုစုပေါင်း တားဆီး/ဖမ်းဆီးမှုမှာ (၄၃၃) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးမှာကျပ် (၃၅၈၅.၇၁၈) သန်းခန့်ဖြစ်ပါသည်။

## ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ် / လေဆိပ်ကုန်လှောင်ရုံ



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ လေဆိပ်ကုန်လှောင်ရုံ တားဆီးမှုအနေဖြင့် တားဆီးမှု (၄) မှု ရှိ၍ ခန့်မှန်းတန်ဖိုးမှာကျပ် (၉.၇၂) သန်းခန့်ရှိ သည့်အနက် ၂-၃-၂၀၁၇ ရက်နေ့တွင် Jet Star လေကြောင်းလိုင်း 3K-583/SF-3113 ဖြင့် စင်္ကာပူနိုင်ငံ မှ မြန်မာနိုင်ငံသို့ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားခရီးသည် ထံမှ SK II Brand Skin Care (18) Items ၊ ခန့်မှန်းတန်ဖိုးကျပ် (၄) သန်းခန့်အား စစ်ဆေးတွေ့ရှိ၍တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၇ ခုနှစ် ၊ မတ်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၃၅၈၅.၇၁၈) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ဆိပ်ကမ်း တားဆီး/ဖမ်းဆီးခြင်း





ဆိပ်ကမ်းတားဆီးမှုအနေဖြင့် တားဆီးမှု (၁၂) မှုရှိ၍ ခန့်မှန်းတန်ဖိုးမှာ ကျပ် (၄၃၈. ၅၂၇) သန်းခန့် ရှိသည့်အနက် ၃-၃-၂၀၁၇ ရက်နေ့တွင် MIP ဆိပ်ကမ်း၌ Grand Nawaplastic Myanmar Co. Ltd မှ တင်သွင်းလာသော B/N YIZUMI Plastics Injection Molding Machine, C/O# China, (3) Units စစ်ဆေးခဲ့ရာ VPA (၁၀၀) ရက်ဖြစ်နေသဖြင့် ခန့်မှန်းတန်ဖိုးကျပ် (၂၇၇.၇၇၅) သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၇ ခုနှစ် ၊ မတ်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၃၅၈၅.၇၁၈) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## နယ်မြေများတွင် တားဆီး/ဖမ်းဆီးခြင်း



နယ်မြေတားဆီးမှုအနေဖြင့် တားဆီးမှု (၄၁၇) မှုရှိ၍ စုစုပေါင်းခန့်မှန်းတန်ဖိုးမှာ ကျပ် (၁၁၃၇.၄၇၀) သန်းခန့် ရှိသည့်အနက် ၃၁-၃-၂၀၁၇ ရက်နေ့တွင် မြဝတီမှ ရန်ကုန်သို့ သွားရောက်မည့် Nissan Diesel Box Truck (၁၂) ဘီးအမျိုးအစားယာဉ်အား မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့ မှ စစ်ဆေးခဲ့ရာ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသဖြင့် Nissan Diesel Box Truck (၁၂) ဘီး အမျိုးအစားယာဉ် (၁) စီး ၊ ခန့်မှန်းတန်ဖိုးကျပ် (၂၀) သန်းခန့် အားတားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၇ ခုနှစ် ၊ မတ်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၃၅၈၅.၇၁၈) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ထူးခြားဖမ်းဆီးမှု



ထူးခြားဖမ်းဆီးမှုအနေဖြင့် ၁၇-၃-၂၀၁၇ ရက်နေ့တွင် တာလေမြို့ မှ မိုင်းဆတ်မြို့ သို့သွားရောက်မည့် Vigo အမျိုးအစားယာဉ်အား လွယ်တော်ခန်းစစ်ဆေးရေးဂိတ် တာဝန်ကျ ပူးပေါင်း စစ်ဆေးရေးအဖွဲ့ မှ စစ်ဆေးခဲ့ရာ ယာဉ်နောက်ခန်း ကြမ်းခင်းအောက် နှစ်ထပ်အံဝှက်အတွင်းတွင် ခဲစက္ကူဖြင့်ပတ်ထားပြီး အကြည်ရောင် ပလတ်စတစ်အိတ်ဖြင့် ထည့်ထားသော စိတ်ကြွဆေးပြား ရိုက်နှိပ်ရန် အသင့်ရောစပ်ထားသည့် နီညိုရောင်နှင့်လိမ္မော်ရောင် အမှုန့်ထုပ် (၈၉)ထုပ်၊ အလေးချိန် (၄၀.၈)ကီလိုခန့်၊ ခန့်မှန်းတန်ဖိုးကျပ် (၆၁၂) သန်းခန့် အားတွေ့ရှိ၍ ဖမ်းဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၇ ခုနှစ် ၊ မတ်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၃၅၈၅.၇၁၈) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ထူးခြားဖမ်းဆီးမှု





ထူးခြားဖမ်းဆီးမှုအနေဖြင့် ၁၈-၃-၂၀၁၇ ရက်နေ့တွင် မန္တလေး - မူဆယ် ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် (၁၉၅) မိုင် (၅) ဖာလုံအနီး အနောက်ဘက် (၂) မိုင်ခန့်အကွာ တောတွင်းတစ်နေရာတွင် Mitsubishi Fuso (၁၂) ဘီးယာဉ် (၁) စီးအား မသင်္ကာဖွယ် ရပ်တန့်ထားကြောင်း သတင်းရရှိ၍ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ဖရဲသီးများဖြင့်ဖုံးအုပ်ထားသည့် ကျောက်စိမ်းဟု ယူဆရသော ကျောက်တုံး (၂) တုံး (7000) Kg ခန့် ၊ ခန့်မှန်းတန်ဖိုးကျပ် (၃၅၀) သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၇ ခုနှစ် ၊ မတ်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၃၅၈၅.၇၁၈) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ထူးခြားဖမ်းဆီးမှု





ထူးခြားဖမ်းဆီးမှုအနေဖြင့် ၂၆-၃-၂၀၁၇ ရက်နေ့တွင် မန္တလေးမှ မူဆယ် သို့ သွားရောက်မည့် Mark II အမျိုးအစား လိုင်စင်မဲ့ယာဉ်အား သတင်းအရ(၁၆) မိုင်ကျောက်ချော ပူးပေါင်းစစ်ဆေးရေးစခန်း တာဝန်ကျစစ်ဆေးရေးအဖွဲ့ကစစ်ဆေးခဲ့ရာ ယာဉ်နောက်ဖုံးအတွင်း ပီနံအိတ်ခွံ ဖြင့်ထုပ်ထားသည့် M-22 အမျိုးအစား (၄၀) မမ လောင်ချာတွဲလျက် (၁)လက်၊ ကျည် (၃၀) တောင့်ဆံ့ ကျည်ကတ်အခွံ (၁) ခု နှင့် လက်ကိုင်ဖုန်း(၆)လုံးအားတွေ့ရှိ၍ဖမ်းဆီးခဲ့ပါသည်။

# မိုဘိုင်းဖုန်း ၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ မတ်လအတွင်း တားဆီး/ဖမ်းဆီးအရေးယူမှု အခြေအနေ

| စဉ် | ပစ္စည်းအမျိုးအမည် | ရန်ကုန် အမှုတွဲပေါင်း | နယ်စပ် အမှုတွဲပေါင်း | အမှုတွဲ စုစုပေါင်း | ခန့်မှန်းတန်ဖိုး စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများ | | ၆ မှု | ၆ မှု | ၁၄.၂၅ သန်း |
| ၂။ | ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ | | ၁ မှု | ၁ မှု | ၁၀.၃၄၇ သန်း |
| ၃။ | သစ်တောထွက် ပစ္စည်းများ | | ၆ မှု | ၆ မှု | ၁၉.၇၅၇ သန်း |
| | စုစုပေါင်း | | ၁၃ မှု | ၁၃ မှု | ၄၄.၃၅၄ သန်း |

အကောက်ခွန်ဦးစီးဌာနမှ ၂၀၁၇ ခုနှစ် ၊ မတ်လအတွင်း မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများ ၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ တားဆီး/ဖမ်းဆီးမှု (၁၃) မှု ၊ ခန့်မှန်းတန်ဖိုးကျပ်သန်းပေါင်း (၄၄.၃၅၄) သန်း ခန့်ရှိ၍ (၁-၄-၂၀၁၆) ရက်နေ့မှ (၃၁-၃-၂၀၁၇) ရက်နေ့အထိ မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများ ၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ တားဆီး/ဖမ်းဆီးမှု စုစုပေါင်း (၆၆) မှု ၊ ခန့်မှန်းတန်ဖိုးကျပ် (၂၀၈.၈၉၇) သန်းခန့်အား အရေးယူဆောင်ရွက်နိုင်ခဲ့ပါသည်။

# ဖမ်းဆီးရမိသည့် အများပြည်သူ စားသုံးရန် ၊ သုံးစွဲရန် မသင့်သော စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများအား ဖျက်ဆီးခြင်း



ဇန်းမော်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးမှ သိမ်းဆည်းမိန့်ထုတ်ပြန်ပြီးသည့် အများပြည်သူ စားသုံးရန် နှင့် သုံးစွဲရန်မသင့်သော စားသောက်ကုန်များ နှင့် ဘီယာများ ၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၁.၈၁၇)သန်းခန့်အား(၁၇-၃-၂၀၁၇) ရက်နေ့ နံနက် (၁၁:၃၀) အချိန်တွင် ဇန်းမော်မြို့နယ် အကောက်ခွန် ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းအောင် ဥက္ကဋ္ဌ အဖြစ်ပါဝင်သော ဖျက်ဆီးရေးအဖွဲ့ ဖြင့် ဇန်းမော်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးဝင်းအတွင်း စနစ်တကျဖျက်ဆီးခဲ့ပါသည်။

# ပြည်သူ့ဘဏ္ဍာသိမ်းဆည်းပြီး ထုခွဲအဆင့်ရောက် ပစ္စည်းများအား လေလံတင်ရောင်းချခြင်း



စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ၊ အကောက်ခွန်ဦးစီးဌာနမှ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် ကားအပိုပစ္စည်းများအား(၈-၃-၂၀၁၇) ရက်နေ့ နံနက် (၁၀:၀၀) နာရီ အချိန်တွင် ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ၌ ညွှန်ကြားရေးမှူး ဦးရဲထွဋ်အောင် မှ ဥက္ကဋ္ဌ အဖြစ် ပါဝင်သော လေလံတင်ရောင်းချရေးအဖွဲ့ဖြင့် စုစုပေါင်း လေလံအုပ်စု (၅) စု အား လေလံတင်ရောင်းချခဲ့ရာ စုစုပေါင်းကျပ် (၁၃၄.၅၀) သန်းရရှိခဲ့ပါသည်။

# ပြည်သူ့ဘဏ္ဍာသိမ်းဆည်းပြီး ထုခွဲအဆင့်ရောက် ပစ္စည်းများအား လေလံတင်ရောင်းချခြင်း




ဗန်းမော်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးမှ သိမ်းဆည်းရမိသော ပြည်သူ့ဘဏ္ဍာသိမ်း ထုခွဲအဆင့်ရောက် ပစ္စည်းများအား (၁၇-၃-၂၀၁၇) ရက်နေ့ ၊ နံနက် (၁၀:၀၀) နာရီအချိန်တွင် ဗန်းမော်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံး၌ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းအောင် မှ ဥက္ကဋ္ဌ အဖြစ်ပါဝင်သော လေလံတင်ရောင်းချရေးအဖွဲ့ဖြင့် စုစုပေါင်း လေလံအုပ်စု (၃) စု အား လေလံတင်ရောင်းချခဲ့ရာ စုစုပေါင်းကျပ် (၅.၈၅) သန်းရရှိခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန ၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မေးမြန်းချက်များအပေါ် ဆွေးနွေးဖြေကြားချက်များ

ကွန်ပျူတာပန်းထိုးစက် (Embroidery Machine) များတင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 8447.11.10 ဖြစ်ပြီး အကောက်ခွန် 1% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။







Shampoo များ တင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 3305.10.90 ဖြစ်ပြီး အကောက်ခွန် 20% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။

ကော်စေ့ (Plastic Resin) များ တင်သွင်းလိုပါသဖြင့် လိုင်စင် လို/မလို ၊ HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 3904.10.91 ဖြစ်ပြီး အကောက်ခွန် 1.5% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% ၊ ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း နှင့် လိုင်စင်မလိုအပ်ကြောင်း ဖြေကြားခဲ့ပါသည်။






Bending Machine များ တင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 8462.29.10 ဖြစ်ပြီး အကောက်ခွန် 1% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန ၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မေးမြန်းချက်များအပေါ် ဆွေးနွေးဖြေကြားချက်များ

Steel construction များ တင်သွင်းလိုပါသဖြင့် လိုင်စင် လို/မလို မေးမြန်းရာ လိုင်စင်မလိုအပ်ကြောင်း ပြန်လည် ဖြေကြားခဲ့ပါသည်။





Control Panels များ တင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 8537.10.00 ဖြစ်ပြီး အကောက်ခွန် 1% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။

Spray Gun များ တင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 8424.20.19 ဖြစ်ပြီး အကောက်ခွန် 7.5% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။





Broad Beans (Dried) များ တင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 0713.50.90 ဖြစ်ပြီး အကောက်ခွန် 0% ၊ ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ရရှိကြောင်းနှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။